- ကလေးများပြောသမျှကိုသင်ပုန်းတွင် မှတ်တမ်းတင်ပါ။
- **အစားအစာများကို ကစားခြင်းနည်းဖြင့် ခွဲခြားခြင်း (၂၅ မိနစ်)**
- ထိုအစားအစာများထဲမှ စားသင့်သောအစားအစာများကို ကစားခြင်းနည်းဖြင့် ခွဲခြားခိုင်းမည်။
- နံရံတွင်(စားသင့်သည်(✔)/မစားရပါ(X)ရေးထားသောကတ်ပြားကိုကပ်ထားမည်။)
- ဆရာက သင်ပုန်းတွင်ရေးထားသောအစားအစာအမည်တစ်မျိုးစီကိုရွတ် ဆိုပြတ်တိုင်း ကလေးများက သက်ဆိုင်ရာနေရာတွင်ရပ်စေပြီးဘာကြောင့် စားသင့်။ ဘာကြောင့် မစားသင့်ကို ဖြေပါစေ။
- မစားသင့်တဲ့အစားအစာကဘာတွေလဲ ဘာကြောင့်မစားသင့်တာလဲ။
- စားသင့်တဲ့အစားအစာတွေက ဘာတွေလဲ ဘာကြောင့်လဲ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဘုရားပွဲတော်သွားစို့နော် ကဗျာ(သို့)ကြိုက်နှစ်သက်သော ပွဲတော်သီချင်းကဗျာသီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဘုရားပွဲတော်သွားစို့နော်ကဗျာသီဆိုခြင်း (မိနစ် ၃၀)**
- ဘုရားပွဲတော်သွားစို့နော် ကဗျာကို အသံနေအသံထားဟန်ပန် အမူအရာဖြင့် သီဆိုစေပါမည်။ (သို့) ကြိုက်နှစ်သက်သော ပွဲတော်သီချင်းကဗျာသီဆိုပါ။
- ဘုရားပွဲတော်ကိုဘာနဲ့သွားသလဲ။
- ဘာတွေရောင်းသလဲ။
- ဘာတွေဝယ်ခဲ့သလဲ။
- ဘယ်ဘုရားပွဲတော်တွေ သွားဖူးသလဲ စသည်ဖြင့်ဆွေးနွေးပါ။

(မှာကြားရန်။ ။ကလေးများအိမ်မှ မိဘအမည်၊ အိမ်လိပ်စာ၊ ဖုန်းနံပါတ် (ရှိပါက) မေးမြန်းခဲ့ရန် မှာကြားပါ။)

သောကြာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ၊ ဖ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ၊ဖ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**
- ယခင်သင်ကြားပြီးသောဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းအက္ခရာများ၏အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**သင်ခဲ့ပြီးသည့်ဗျည်းစာလုံးအက္ခရာအသံနှင့်အမည်ကိုရွတ်ဆိုခြင်း (မိနစ် ၂၀)**
- ယခင်သင်ကြားပြီးသော"မ၊ဖ"ဗျည်းအက္ခရာ၏အသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာပါစာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံစူးစိုက်နားထောင်ခြင်းဖြင့်စာလုံးများကိုပိုမိုမှတ်မိစေရန်။

လုပ်ငန်းစဉ်။ ။**ဘင်ဂိုကစားနည်းအတိုင်းကစားခြင်း (၂၅ မိနစ်)**
- ယခင်ကစားခဲ့သော ဘင်ဂိုကစားနည်းအတိုင်း သင်ကြားခဲ့ပြီးသော ဗျည်းအက္ခရာများကို ထည့်သွင်း၍ ကစားပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။Fအက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **F အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း သင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "F" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"F" အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိအားအကူအညီပေးနိုင်သောသူများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံပြင်ပြောခြင်း (မိနစ် ၂၀)**

- ဆွေဆွေနှင့်ပွဲဈေးတန်းပုံပြင်ကိုပြောပြပါ။

**"ဆွေဆွေနှင့် ပွဲဈေးတန်း"**

ဆွေဆွေနဲ့ မေမေ ပွဲဈေးတန်းကို လမ်းလျှောက်ကြတယ်။ ပွဲဈေးတန်းကို ရောက်တော့ မုန့်တွေ၊ ကစားစရာတွေ အများကြီးတွေ့ရတယ်။ ဆွေဆွေကြိုက်တဲ့ ဖိုးဝရုပ်လေးတွေ လည်းတွေ့ရတယ်။ ဒါနဲ့ ကစားစရာတွေ ရောင်းတဲ့ဆိုင်ကို ဆွေဆွေပြေးသွားလိုက်တာပေါ့၊ ဆွေဆွေက ဖိုးဝရုပ်လေးကို ကိုင်ကြည့်ပြီး ငေးနေလိုက်တယ်။ "လှလိုက်တာ၊ ဖိုးဝရုပ်လေးရယ်" ဆိုပြီး မေမေ့ကို ဝယ်ခိုင်းမလို့ နောက်ကို လှည့်ကြည့်လိုက်တော့ မေမေ့ကို မတွေ့ရတော့ဘူး၊ "ဟော- မုန့်ဆိုင်ရှေ့မှာ ရပ်နေတာ "မေမေ"လားမသိဘူး မေမေရေ"လို့ ဆွေဆွေက မုန့်ဆိုင်ရှေ့မှာ ရပ်နေတဲ့ မေမေ့လက်ကို လှမ်းကိုင်လိုက်တယ်။ "ဟင် မေမေလဲ မဟုတ်ဘူး၊ ဆွေဆွေ ဘာလုပ်ရမလဲဆိုတာသိပြီ၊ ဦးဦးရဲကြီးဆီ အကူအညီ တောင်းဦးမှပဲ" လို့ ဆွေဆွေတွေးမိပြီး ပွဲဈေးတန်းမှာတွေ့ရတဲ့ ဦးဦးရဲကြီးဆီကို မေမေ့ကို ရှာပေးဖို့ သွားပြောလိုက်တယ်။

ဦးဦးရဲကြီးက ဆွေဆွေ့ကို သမီးနာမည်က ဘယ်လိုခေါ်လဲ၊ သမီး အဖေ၊ အမေ နာမည်နှင့် အိမ်လိပ်စာကိုပြောပါဦးလို့ မေးတယ်။ ဆွေဆွေက " သမီးက ဆွေဆွေလို့ ခေါ်ပါတယ်၊ မေမေက ဒေါ်လှလှပါ၊ ဖေဖေက ဦးဖြူပါ၊ ရွာသာယာမှာ နေပါတယ်"လို့ သွက်သွက်လေး ပြန်ဖြေလိုက်တယ်၊ ဦးဦးရဲကြီးက "ဟာ တော်လိုက်တာ၊ ဘာမှ စိတ်မပူပါနဲ့၊ သမီးမေမေကို ရှာပေးမယ်" လို့ပြောပြီး မေမေ့ကို ရှာပေးတယ်။ ဦးဦးရဲကြီး ကူညီလို့ ဆွေဆွေနဲ့ မေမေ ပြန်တွေ့တယ်။' 'ကျေးဇူးတင်ပါတယ်၊ ဦးဦးရဲကြီးရယ်"၊ ဆွေဆွေနဲ့ မေမေ ပွဲဈေးတန်းမှာ ဖိုးဝရုပ်လေးဝယ်ပြီး ပျော်ရွှင်စွာနဲ့ အိမ်ကို ပြန်ခဲ့ကြပါတယ်။

- ပုံပြင်ပြောနေစဉ်အောက်ပါမေးခွန်းများကိုမေး၍ ဆွေးနွေးမည်။ ပုံပြင်ထဲက ကလေးက ဘာကြောင့်သူ့အမေနဲ့ကွဲသွားတာလဲ။ သူဘာဆက်လုပ်မယ်ထင်သလဲ။
- မေး၊ **ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**
- ပုံပြင်ပြောပြီးလျှင်အောက်ပါမေးခွန်းဖြင့်ဆွေးနွေးပါ။
- ပွဲဈေးတန်း၊ ငွေရှုပ်သောနေရာများတွင် လူကြီးမိဘများနှင့် အဖော်မကွဲစေရန် ဘာလုပ်သင့်သလဲ။
- တကယ်လို့ပုံပြင်ထဲက ကလေးလို အမေကို အလွယ်တကူရှာမတွေ့ရင် မင်းဆိုလျှင် ဘာလုပ်မလဲ။ (မိမိအားကူညီပေးနိုင်သောသူများ ဥပမာ-ရဲ၊ ဘုရားလူကြီး၊ လုံခြုံရေး၊

. . . . . . )စသည်တို့ကို အကူအညီတောင်းရမည်ဆိုသောအဖြေများရသည်အထိ ဆွေးနွေးပါ။

- ဆရာက ပွဲဈေးတွင် အကူအညီပေးနိုင်သောသူများ(ရဲ၊ဘုရားလူကြီး၊. . . . )စသည့်သူများသည် အသံချဲ့စက်မှ ကြေညာသောနေရာများတွင် တွေ့နိုင်ကြောင်း ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၂ ကိန်းကိုရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**ရေတွက်ခြင်းနှင့် ဖတ်ခြင်း (၁၅ မိနစ်)**

- ပိုက်ချောင်း(သို့)မျိုးတူပစ္စည်း၁၂ခုကိုယူပါ။
- ၁မှ ၁၀ ထိ ကလေးများနှင့်အတူရေတွက်ပြပါ။
- ၎င်းမှ ၁၀ ခုကိုစည်းပြီးရရှိလာသော တစ်စည်းနှင့် ၂ ခုကို ကိန်းကတ်ပြားနှင့် ယှဉ်ပြကာ မည်သို့ဖတ်ကြောင်းမေးပါ။ တစ်ဆယ်နှင့်နှစ်၊ တစ်ဆယ့်နှစ်ဟုဖတ်ကြောင်း ပြောပါ။
- ထို့နောက်သင်ပုန်းပေါ်တွင် "၁၂"ကို ရေးပါ။
- ကိန်းကိုထောက်ပြပြီး "တစ်ဆယ့်နှစ်"ဟု ဖတ်ပါစေ။

**ရေးခြင်း (၁၅ မိနစ်)**

- ကလေးများအားကျောခိုင်း၍ "၁၂"ကို လေထဲတွင် ရေးပြပါ။
- ကလေးများအား လေထဲတွင်လိုက်ရေးစေပါ။ သုံးကြိမ်ခန့် ပြုလုပ်ပါစေ။
- ဆရာက ကလေးများတစ်ဦးချင်းစီ၏ စာအုပ်တွင် ၁၂ ကိန်းတစ်လုံးစီ ရေးပေးပါ။
- ကလေးအား "၁၂"ကိန်းကို စာအုပ်တွင်ဆက်၍ ကူးရေးပါစေ။
- ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စိတ်ကြိုက်ပွဲတော်မြင်ကွင်းကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- ပွဲဈေးပိုစတာကို အသုံးပြု၍ မိမိကြိုက်နှစ်သက်ရာတစ်ခုကို ရေးဆွဲ၍ အရောင်ခြယ်ပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။အသံနှင့်အက္ခရာစာလုံးဆက်စပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ဆရာကကျပန်းထောက်သော အက္ခရာ၏အသံနှင့်အမည်ကို ပြောစေခြင်း(၁၅ မိနစ်)**

- သင်ကြားခဲ့ပြီးသောဗျည်းများကို သင်ပုန်းပေါ်တွင် ရေးပါ။ (သို့) "က မှ အ" ထိ ရေးထားသော အက္ခရာကတ်ပြားကို ချိတ်ထားပါ။
- ဆရာက သင်ခဲ့ပြီးသောဗျည်းအက္ခရာများပေါ်တွင် အစီအစဉ်အတိုင်း မဟုတ်ဘဲ ကျပန်းထောက်၍ အက္ခရာအမည်များကို ကလေးများအား တစ်တန်းလုံး/အုပ်စုလိုက်တစ်ဦးချင်း ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ဗ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဗ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဗ"ဗျည်း၏အမည်သည် "ဗထက်ခြိုက်"ဖြစ်သည်။
- "ဗ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- ဥပမာ- ဗလ၊ ဗလာစာအုပ်

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဗ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောဗျည်းကို ကူးရေးခြင်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "F''အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"F''**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း သင်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ Hello ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Hello''**ကဗျာကို ရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ယခင်ကဗျာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တိုင်းရင်းသားပွဲတော်များအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**မနှင်းတို့အိမ်ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- (နမူနာ သီတင်းကျွတ်မီးထွန်းပွဲတော်)
- **"မနှင်းတို့အိမ်"**

ဟိုဘက်ကမ်းက မီးထိန်ထိန်၊ ဒီဘက်ကမ်းကမီးထိန်ထိန်
ဆီမီးထိန်ထိန် လင်းပါတဲ့ မနှင်းတို့အိမ်။

**အမေး၊ အဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- အထက်ပါကဗျာကို ရွတ်ဆို၍ မနှင်းတို့အိမ်က ဘာကြောင့်မီးထိန်ထိန်လင်းရတာလဲ။
- ဘာပွဲတော်ကျင်းပရင် ဆီမီးထွန်းရသလဲ။
- (သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပချိန် အစားအစာ၊ ကပြခြင်း၊ ကန်တော့ခြင်း .... စသည့်အကြောင်းအရာများရသည်အထိ ဆွေးနွေးပါ။)

**စက္ကူမီးပုံးပြုလုပ်ခြင်း (၁၀ မိနစ်)**

- စက္ကူမီးပုံးပြုလုပ်စေပါမည်။

(မှတ်ချက်။ ။မိမိလူမျိုး၏ ပွဲတော်နှင့်သက်ဆိုင်သော သီချင်းများသီဆိုခြင်း၊ ပုံပြင်များပြောခြင်းဖြင့် သင်ကြားနိုင်ပါသည်။)

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၃ ကိန်းကိုရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**ရေတွက်ခြင်း (၅ မိနစ်)**

- ပိုက်ချောင်း (သို့) မျိုးတူပစ္စည်း ၁၃ ခုကို ယူပါ။
- ၁မှ ၁၀ ထိ ကလေးများနှင့်အတူ ရေတွက်ပြပါမည်။



DPL BOX

ဖတ်ခြင်း (၁၀ မိနစ်)

- ဌင်းမှ ၁၀ခုကို စည်းပြီးရရှိလာသော တစ်စည်းနှင့် ၃ခုကို ကိန်းကတ်ပြားနှင့် ယှဉ်ပြကာ မည်သို့ဖတ်ကြောင်းပြန်မေးပါ။တစ်ဆယ်နှင့်သုံး၊ တစ်ဆယ့်သုံးဟုဖတ်ကြောင်းပြောပါ။
- ထို့နောက်သင်ပုန်းပေါ်တွင် "၁၃" ကိုရေးပါ။
- ကိန်းကိုထောက်ပြပြီး "တစ်ဆယ့်သုံး"ဟု ဖတ်ပါစေ။

ရေးခြင်း (၁၅ မိနစ်)

- ကလေးများအားကျောခိုင်း၍ "၁၃" ကို လေထဲတွင် ရေးပြပါ။
- ကလေးများအားလေထဲတွင် လိုက်ရေးပါစေ။ သုံးကြိမ်ခန့် ပြုလုပ်ပါစေ။
- ဆရာက ကလေးတစ်ဦးချင်းစီ၏စာအုပ်တွင် (၁၃)ကိန်းတစ်လုံးစီ ရေးပါ။
- ကလေးများအား "၁၃" ကိန်းကိုစာအုပ်တွင်ကူးရေးပါစေ။
- ဆရာက အတန်းအတွင်း လှည့်လည်ကြည့်ရှုပါ။
- ၁၃ ကိန်းများကိုစာအုပ်တွင်ရေးပါစေ။
- ဆရာက အတန်းတွင်းလှည့်လည်ကြည့်ရှုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အုပ်စုဖွဲ့၍ မီးပုံးပြုလုပ်ခြင်း၊ ဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။မီးပုံးပြုလုပ်ခြင်း (မိနစ် ၃၀)**

- အုပ်စုဖွဲ့၍ မီးပုံးပြုလုပ်ခြင်း၊ ဆေးခြယ်ပါမည်။

**အင်္ဂါနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကို ပိုမိုမှတ်မိပြီးကစားတတ်ရန်။**

လုပ်ငန်းစဉ်။ **။"ဗ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာများပုံဖော်ကစားနည်းအတိုင်း ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကို အသံထွက် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဗ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဗ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။
- "ဗ"ဗျည်း၏အမည်သည်"ဗထက်ခြိုက်"ဖြစ်သည်။
- "ဗ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း သင်ပါ။
- ဥပမာ- ဗ- ဗလ

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဗ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကို ကူးရေးခြင်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"H"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။"H"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း သင်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ "H" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "H" **အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။တိုင်းရင်းသားလူမျိုးများအကြောင်းကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အမေး၊ အဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- ဆရာက (မြန်မာနိုင်ငံနှင့် လူမျိုးများ) ပုံကိုကြိုတင်စုဆောင်းထားပါ။

**ရုပ်ပုံပြ၍ဆွေးနွေးခြင်း (မိနစ် ၂၀)**

- ကလေးတို့က ဘာလူမျိုးတွေလဲ။
- မြန်မာနိုင်ငံနှင့်တိုင်းရင်းသားလူမျိုးများပုံကိုပြ၍
- ဆရာကအောက်ပါမေးခွန်းများသုံး၍တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- ဒီတိုင်းရင်းသားတွေက ဘာလူမျိုးတွေလဲ။
- သူတို့နေတဲ့နေရာတွေတူကြသလား။
- ဘယ်မှာနေကြသလဲ။
- ဘာပွဲတော်တွေကျင်းပသလဲ။
- ကလေးများနဲ့တိုင်းရင်းသားလူမျိုးတွေဘာတွေတူကြသလဲ၊ မတူကြဘူးလဲ။
- (နေထိုင်ရာဒေသ၊ အဝတ်အစား၊ ကျင်းပသောပွဲတော်များရသည်ထိ ဆွေးနွေးပါ။)

**အနှစ်ချုပ်ခြင်း (၅ မိနစ်)**

- (ဆရာက မိမိနှင့် တိုင်းရင်းသားလူမျိုးများ အားလုံးသည် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများဖြစ်ကြောင်းပြောပြပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။တိုင်းရင်းသားပွဲတော်များအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**တိုင်းရင်းသားလူမျိုးအမည်ပါသော သီချင်းကဗျာ သီဆို၍ပွဲတော်အကြောင်းဆွေးနွေးခြင်း (မိနစ် ၃၀)**

- ကလေးများသီဆိုချင်သော တိုင်းရင်းသားလူမျိုးများ၏ အမည်ပါသော သီချင်းကဗျာ တစ်ပုဒ်ဖြင့် သီဆိုကခုန်ပါမည်။
- ဥပမာ-ရှမ်းရိုးမက အိုးစည်သံကဲ့သို့ သီချင်း
- ကဗျာ၊ သီချင်းထဲက ဘာလူမျိုးလဲ။
- သူတို့ဘာပွဲတွေလုပ်ကြသလဲ။
- ကဗျာတွင်ပါဝင်သောပွဲအကြောင်းကိုပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နှစ်သက်ရာတိုင်းရင်းသားလူမျိုးပုံတစ်ပုံကိုရေးဆွဲ၍ ဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာတိုင်းရင်းသားလူမျိုးပုံတစ်ပုံကိုရေးဆွဲ၍ဆေးခြယ်ပါမည်။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ကိုဆရာကဖတ်ပြခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောပုံပြင်ဖတ်ခြင်းလုပ်ငန်းအတိုင်းပြုလုပ်ပါ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။"ရ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများကိုရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ရ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ရ"ဗျည်း၏အမည်သည်"ရကောက်"ဖြစ်သည်။
- "ရ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- ရ- ရထား၊ ရဟတ်ယာဉ်၊ ရတနာ၊ ရဟန်း

အသေးစိတ်သင်ယူမှုရလဒ်။ ။"ရ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကူးရေးခြင်းနည်းအတိုင်း ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"H"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"H"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ A,B,C,D သီချင်းကဗျာကို စည်းချက်ကျကျ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A,B,C,D"**သီချင်း သီဆိုခြင်း(၁၅ မိနစ်)**

- ယခင်ကဗျာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိတို့ရပ်ရွာဒေသတွင်ကျင်းပသောပွဲတော်များအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**သီဆိုကခုန်ခြင်း (မိနစ် ၂၀)**

- (နမူနာ သင်္ကြန်ပွဲတော်)ကလေးများသီဆိုချင်သောသင်္ကြန်သီချင်းဖြင့် သီဆို ကခုန်ပါစေ။
- **မေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**
- ထို့နောက်ဆရာက အောက်ပါမေးခွန်းများဖြင့် တစ်တန်းလုံးနှင့်ဆွေးနွေးပါ။
- ဒါဘာပွဲတော်လဲ။ ဘယ်အချိန်မှာကျင်းပတာလဲ။
- ဒီပွဲတော်မှာ ဘာတွေလုပ်ကြသလဲ။
- ဘာလိုအစားအစာတွေကျွေးသလဲ။
- (သင်္ကြန်ပွဲတော်ကျင်းပချိန်၊ အစားအစာ၊ ရေပက်ပုံ. . . . . .) စသည့်အဖြေများရသည် အထိ ဆွေးနွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၃ ထိကိန်းကိုရေတွက်တတ်၊ဖတ်တတ်၊ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**ကစားခြင်းနည်းဖြင့် ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

- ကလေးများအားအုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသော ဝတ္ထုပစ္စည်း ၁၃ ခု နှင့် ၁၃ထိပါသော ကိန်းကတ်ပြားများကို ပေးထားပါ။ ဆရာက ကိန်းတစ်ခုရွတ်ပြတိုင်း

DBEBox

အုပ်စုများက ဂဏန်းကိန်းနှင့်သက်ဆိုင်သောကတ်ပြားများကိုပြ၍ ဂဏန်းကိန်းနှင့်သက်ဆိုင်သော အရေအတွက်ကို ရေတွက်ပြပါစေ။(ဥပမာ- ဆရာက“၁၁”ဟုရွတ်ပြလျှင် ကလေးက “၁၁”ကိန်းကတ်ပြားကို ထောင်ပြ၍ အုပ်စုတွင်းရှိကလေးများက ပစ္စည်း “၁၁”ခုကို ရေတွက်ပြပါမည်။ အမြန်ဆုံးပြနိုင်သော အုပ်စုကို အမှတ်ပေးခြင်းဖြင့် ကစားပါ။)

- ကလေးများအား လေထဲတွင် “၁၁”မှ “၁၃”ထိကိန်းများကို ရေးပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သကြိန်သီချင်းဖြင့် သီဆိုကပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**သီဆိုကပြခြင်း (မိနစ် ၃၀)**

- သကြိန်သီချင်းဖြင့် သီဆိုကပြပါမည်။
- သကြိန်နှင့်ပတ်သက်သောအကြောင်းအရာများကို ဆွေးနွေးပါ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။“ရ”ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ရ”ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“ရ”ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ရ”ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- “ရ”ဗျည်း၏အမည်သည် “ရကောက်”ဖြစ်သည်။
- “ရ”ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- ဥပမာ-ရထား၊ ရဟတ်ယာဉ်၊ ရဟန်း၊ ရတနာ

အသေးစိတ်သင်ယူမှုရလဒ်။ ။“ရ”ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ရ”ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကူးရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါထပ်ကျော့စကားလုံးများကိုဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**“သီတင်းကျွတ်ရောက်ပြီ”ပုံပြင်ကိုဆရာနှင့်အတူ ဖတ်ခြင်း (မိနစ် ၂၀)**

- ယခင်နေ့က ပုံပြင်ပြောချိန်အတိုင်း ကလေးများနှင့်ထိုင်ပါ။
- ပုံပြင်ကို ဆရာနှင့်ကလေး အတူတူဖတ်ပါ။
- ထို့နောက်ဆရာထောက်ပြသော ပုံပြင်ပါ ထပ်ကျော့စာလုံးများ (စုဘူးလေးတွေ၊ကန်တော့ ရမယ်၊ ပျော်ပါတယ်)
- ကလေးများကိုယ်တိုင်လက်ထောက်ပြီး လွတ်လပ်စွာဖတ်ပါစေ။
- လိုအပ်လျှင် ဆရာက ကူညီပံ့ပိုးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။I အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ I **အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ "I" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"I"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၃ထိကိန်းများကိုစီစဉ်တတ်၊ယှဉ်တွဲတတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**ကိန်းများကိုစီစဉ်ခြင်း၊ ဖတ်ခြင်း (မိနစ် ၃၀)**

- ကလေး (၁၃)ဦးအား အတန်းရှေ့သို့ခေါ်ယူပြီး ၁ မှ ၁၃ထိ ကိန်းရေးထားသော ကိန်းကတ်ပြားတစ်ခုစီ ဝေပေးပါ။
- ဆရာက "၁ မှ ၅"ထိ ကိန်းကတ်ပြားများရရှိထားသော ကလေးများကို အစဉ်လိုက် စီရန် ပြောပါ။
- ထို့နောက် "၆ မှ ၁၀"ထိ ကိန်းကတ်ပြားများရရှိထားသော ကလေးများကို ယခင်စဉ်ထားသော ကလေးများဘေးမှ ထပ်မံ၍ အစဉ်လိုက်စီရန် ပြောပါ။
- "၁၁ မှ ၁၃"ထိ ကိန်းကတ်ပြားများရရှိထားသော ကလေးများကိုလည်း ယခင်စဉ်ပြီးသော ကလေးများဘေးမှ ထပ်မံ၍ အစဉ်လိုက်စီရန် ပြောပါ။
- အစီအစဉ်မှန်ပါက ကျန်ကလေးများအားလုံးအားတစ်မှတစ်ဆယ့်သုံးထိ ဖတ်ပါစေ။
- ကလေး(၁၃)ဦးအား ထပ်မံ၍ အတန်းရှေ့သို့ခေါ်ယူကာ ၁ မှ ၁၃ ထိ ရေးထားသော ကိန်းကတ်ပြားများ ဝေပေးပါ။
- ဆရာက ၁၃ ကိန်းနှင့် ၁၂ကိန်းကတ်ပြားများရရှိသောကလေးများကို လက်ထောင်ပါဟု ပြောပါ။
- (၁၃) ကတ်ပြားရရှိထားသော ကလေး၏ဘယ်ဘက်ဘေးတွင် (၁၂) ကိန်း ကတ်ပြား ရရှိထားသော ကလေးကို ရပ်ပါစေ။
- ထို့နောက် အခြားကိန်းကတ်ပြားများရရှိထားသော ကလေးများအား (၁၂) ကိန်း ကတ်ပြားရရှိထားသော ကလေးဘေးတွင် အစဉ်လိုက်ရပ်ရန်ပြောပါ။
- ထို့နောက် ကလေးများအား အစီအစဉ်အတိုင်း ဖတ်ပါစေ။ (၁၃၊၁၂၊ . . . )

အသေးစိတ်သင်ယူမှုရလဒ်။ ။ကစားခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏ပွဲတော်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကစားခြင်းဖြင့် ပွဲတော်များသို့အလည်သွားခြင်း (မိနစ် ၃၀)**

- ကလေးများသွားလိုသောဒေသများ၏ပွဲတော်များကို စိတ်ဖြင့်စဉ်းစား၍ အလည်သွားပြီး ကခြင်း၊ သီဆိုခြင်း ပြုလုပ်ပါ။
- ဥပမာ - ကချင်မနောပွဲကို လေယာဉ်စီးပြီး သွားချင်တယ်ဆိုပါစို့ ဆရာဦးဆောင်၍ ကလေးများက တစ်ယောက်ခါးတစ်ယောက်ဖက်ပြီး လေယာဉ်စီးဟန်ပြုလုပ်ပါ။ ကချင်ပြည်နယ်ကိုရောက်ပြီ ဆရာနဲ့ကလေးတို့ အတူတူကကြရအောင်လို့ ပြောပြီးဝိုင်း၍ ကပါစေ။ (ဖြစ်နိုင်ပါက ဆရာက တိုင်းရင်းသားအကများကို လေ့လာထားပါ။)
- (ဘုရားပွဲတော်သွားစို့နော်)ကဗျာကိုအစားသွင်းသီဆို၍လည်းကစားနိုင်ပါသည်။
- (တူပျော်ပျော်)^၂ ကချင်မနောပွဲတော်သွားစို့နော်
- လေယာဉ်ကြီးနဲ့နော် ဟေ့ လေယာဉ်ကြီးနဲ့နော်
-

အသေးစိတ်သင်ယူမှုရလဒ်။ ။တိုင်းရင်းသားရိုးရာကဗျာသီချင်းများသီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**သီချင်းကဗျာသီဆိုခြင်း (မိနစ် ၃၀)**

- နှစ်သက်ရာတိုင်းရင်းသားရိုးရာကဗျာသီချင်းများကိုသီဆိုကခုန်ပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဗ၊ရ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဗ၊ရ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်း၏ အသံနှင့်အမည်များရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**ယခင်သင်ကြားပြီးသောဗျည်းများ၏အသံနှင့်အမည်ကိုကျပန်းမေးမြန်းခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ဗျည်းစကားလုံးများကို ကျပန်းမေးမြန်းခြင်းနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာများပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာကတ်များလုည့်ကစားနည်းဖြင့်ကစားခြင်း (၂၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းများကိုအက္ခရာကတ်များလှည့်ကစားနည်းဖြင့် ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "I" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"I"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အက္ခရာ၏ အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **အက္ခရာများကို ဆေးခြယ်ခြင်း (၁၅ မိနစ်)**

- ဆရာက "A,I,F,E,H"အက္ခရာစာလုံးများကို ပြ၍ အက္ခရာတစ်လုံးစီ၏ အမည်များကို မေးပါ။
- ကလေးများအား လုပ်ငန်းပေးစာအုပ်ပါ အက္ခရာတစ်လုံးစီကို ဆေးခြယ်ရမည့် အရောင်များကို ပြောပြပါ။
- ကလေးများအား လုပ်ငန်းပေးစာအုပ်ပါ အက္ခရာစာလုံးများကို အရောင်ခြယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပြည်ထောင်စုပွဲတော်အကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**ပုံပြ၍ဆွေးနွေးခြင်း (မိနစ် ၃၀)**

- တိုင်းရင်းသားအလှစုပေါင်းက ပုံပြင်စာအုပ်(သို့မဟုတ်) မြန်မာနိုင်ငံနှင့် တိုင်းရင်းသားလူမျိုးများပုံကိုပြ၍ အောက်ပါမေးခွန်းများဖြင့် တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- ပုံထဲမှာဘာလူမျိုးတွေတွေ့ရသလဲ။
- သူတို့ဘာလုပ်နေကြတာလဲ။
- တိုင်းရင်းသားလူမျိုးတွေစုပေါင်းပါဝင်တဲ့ပွဲကဘာပွဲလဲ။
- ကလေးများမဖြေနိုင်ပါက ဆရာကတိုင်းရင်းသားတွေစုပေါင်းကကြတဲ့ပွဲဟာပြည်ထောင်စုနေ့ပွဲတော်ဖြစ်တယ်လို့ ပြောပြပါ။

(မှတ်ချက်။ ။တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်သော အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုနေ့ကိုကျင်းပခြင်းဖြစ်ကြောင်းပြောပြပါ။)



DBE BOX

လုပ်ငန်းစဉ်(၂)။ ။ **ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

"ပင်လုံ"
လွတ်လပ်ပန်းကိုဘယ့်နှယ်ဆွတ်တယ်
တို့ညီညွတ်လို့ဆွတ်နိုင်တယ်
ရှမ်း၊ ချင်း၊ ကရင်၊ ကချင်များနဲ့
ရခိုင်၊ ကယားအသွယ်သွယ်
ပင်လုံမြို့မှာ တူဆုံကြလို့
တို့ပြည်မ နဲ့တို့ပြည်နယ်။
သားချင်းညီနောင် တည်ထောင်မှုနဲ့
ပြည်ထောင်စုကြီးပေါ်လာတယ်
အမိနိုင်ငံတာဝန်များကို
ကိုယ်အားဉာဏ်အားထမ်းကြမယ်
ထမ်းမယ် ထမ်းမယ်။

(တင်မိုး)

- (ပြည်ထောင်စုနေ့ပွဲတော်ကျင်းပပုံ၊တိုင်းရင်းသားများအားလုံး ချစ်ချစ်ခင်ခင်ဖြင့် ပွဲတော်သို့ သွားရောက်ပုံ ရရှိသည်အထိ ဆွေးနွေးပါစေ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်တွင်ပါသောရုပ်ပုံများကိုရေးဆွဲ၍အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- တိုင်းရင်းသားအလှစုပေါင်းက ပုံပြင်တွင်ပါသောရုပ်ပုံများကို ရေးဆွဲ၍ အရောင်ခြယ်ပါစေ။

DBE BOX